

# Mingalaba
# မင်္ဂလာပါ

I28 | JULY 22

ADRA

## ဒေါ်အေးမူ၏ ဇာတ်ကြောင်း

သန့်ရှင်းသောရေသည် ကရင်ပြည်နယ်ရှိ လူမှုဘဝများကို ပြောင်းလဲစေသည်

Mingalaba
မင်္ဂလာပါ
အတွဲ ၂၈ | ဇူလိုင်လ ၂၀၂၂

## မာတိကာ

၂ ဆောင်းပါး
မျက်နှာဖုံးဓာတ်ပုံ
အယ်ဒီတာအဖွဲ့

၃ ဆောင်းပါး
သတင်းစကား

၄ သတင်းစကား
မီဒီယာမှ
ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း

၅ ကျွန်ုပ်တို့ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း
ယခုလ ဓာတ်ပုံကဏ္ဍ

၆ နောက်ဆုံးရ စီမံကိန်းအချက်အလက်များ

၁၀ အလုပ်ခေါ်စာများ/ တင်ဒါခေါ်ယူမှုများ
ကျွန်ုပ်တို့ကို ဆက်သွယ်ရန်

## အယ်ဒီတာအဖွဲ့



မျက်နှာဖုံးဓာတ်ပုံ

ယခုလအတွက် မျက်နှာဖုံးဓာတ်ပုံမှာ ELACAP စီမံကိန်းမှ အကျိုးခံစားခွင့်ရှိသူ ဒေါ်အေးမူပင် ဖြစ်ပါသည်။

Photo: © 2022 ADRA Myanmar

အယ်ဒီတာ/ ဘာသာပြန်
Pyae Phyo Lin

ကြီးကြပ်မှုအယ်ဒီတာ
Vitalie Zegera

ပံ့ပိုးအားဖြည့်ပေးသူများ
Saw Da wait, Nang Nom Hsaing, Mya Yamone Htun, Naw Htoo Eh Wah, May Thagyan Soe, Moe July Aung, Nang Moung Koh Pawh Awr, Aung Cho Min.

ထုတ်ဝေသူ
ADRA Myanmar

‘ မင်္ဂလာပါ ’ သည် ADRA Myanmar ၏ သတင်းလွှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ပြန်လည် မိတ်ဆက်ထုတ်ဝေခြင်းဖြစ်ပါသည်။ ယင်းသတင်းလွှာပါဓာတ်ပုံများနှင့် အကြောင်းအရာများသည် ADRA Myanmar ၏ မူပိုင်လည်းဖြစ်ပါသည်။



## ဆောင်းပါး

### သန့်ရှင်းသောရေသည် ကရင်ပြည်နယ်ရှိ လူမှုဘဝများကို ပြောင်းလဲစေသည်

အသက် ၄၄ နှစ်အရွယ် ဒေါ်အေးမူသည် ကရင်ပြည်နယ်အတွင်းရှိ ရွာလေးတစ်ရွာတွင် နေထိုင်ပြီး သူ့တွင် သားတစ်ယောက်နှင့် သမီးနှစ်ယောက်ရှိသည်။ သူမ၏ခင်ပွန်းဆုံးပါးသွားကတည်းက သူမဘဝသည် ခက်ခဲခဲ့ပြီး ကျပန်းအလုပ်ဖြင့် သားသမီးများကို ထောက်ပံ့ရန် ကြိုးစားနေသူလည်းဖြစ်သည်။သားသမီးများသည် မူလတန်းပြီးခဲ့သော်လည်း ပုံမှန်ဝင်ငွေမရှိသော မိသားစုတစ်စုလုံး အသက်ရှင်ရပ်တည်နေထိုင်ရေးအတွက်

ရန်းကန်နေရသောကြောင့် သားသမီးများကို ကျောင်းဆက်မပို့နိုင်တော့ပေ။ ကလေးသုံးယောက်နှင့် မသန်စွမ်းညီမတစ်ဦးတို့ကို ကျွေးမွေးစောင့်ရှောက်ရန် သူမအတွက် အလွန်ခက်ခဲလှသည်။ ယင်းကြောင့် သူမ၏သားသမီးများကလည်း မိခင်ဖြစ်သူကို တစ်ဖက်တစ်လှမ်းမှ ကူညီပေးနိုင်ရန်အတွက် ကျောင်းထွက်ခဲ့ကြသည်။

သူမတို့ရွာ၏ အကြီးမားဆုံး ပြဿနာမှာ ရေရှားပါးခြင်းဖြစ်ပြီး ရွာသူရွာသားအားလုံးသည် မြစ်ထဲမှ ရေကို သွားရောက်ခပ်ယူကြရသည်။ ရေခပ်ရာတွင် နာရီဝက်ခန့် လမ်းလျှောက်သွားရပြီး အိမ်၌သုံးရေနှင့် သောက်သုံးရေကို ကာမိစေရန်အတွက် တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်ခန့် သွားရောက်ခပ်ယူရလေ့ရှိသည်။ ရေကိုခပ်ယူရရှိနိုင်သော်လည်း ရေ၏အရည်အသွေး၊ အရသာနှင့် အနံ့တို့သည် သောက်သုံးရန်နှင့် ချက်ပြုတ်ရန်အတွက်မူ သင့်လျော်ခြင်းမရှိပေ။ နွေရာသီတွင် အပင်အတွက် ရေမရှိဘဲ ရေစုဆောင်းရန်မှာလည်း အလွန်ဝေးသောကြောင့် အပင်များမှာမပေါက်နိုင်ပေ။ သူတို့သည် မိသားစုအတွက်လိုအပ်ခြင်းကိုသာ ဖြည့်ဆည်းနိုင်ရန် ကြိုးစားနေကြရသည်။ ထို့ပြင် နွေရာသီတွင် သန့်ရှင်းသောရေရရှိရန် အနည်အနှစ်များကျရန်အတွက် ရေကို နှစ်ရက်မှ သုံးရက်အထိ သိုလှောင်ထားရလေ့ရှိသည်။

“ ရေဟာကျွန်မတို့ဘဝအတွက် အရေးကြီးပါတယ်” ဟု သူမက ဆိုသည်။ သို့သော် ELACAP စီမံကိန်းသည် ရွာသို့ ရေပေးဝေရေးစနစ် အကောင်အထည်ဖော်ရန် ရောက်ရှိလာချိန်တွင် သူမတို့ရွာသူရွာသားအားလုံး ဝမ်းမြောက်ခဲ့ကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။ ဒေါ်အေးမူအနေနှင့်လည်း သူမပိုင်မြေကို လှူဒါန်းခဲ့သည်။ သူမတွင် မြေဧရိယာအများအပြားမရှိသော်လည်း ရွာသူရွာသားများအားလုံး၏ အကျိုးအတွက် တတ်နိုင်သရွေ့လှူဒါန်းရန် ဆန္ဒရှိခဲ့သည်။

ယခုအခါတွင် ELACAP စီမံကိန်းမှ အိမ်ထောင်စုတိုင်းသို့ ရေပိုက်လိုင်းသွယ်တန်းပေးခြင်းဖြင့် ဒေါ်အေးမူတို့ မိသားစုအတွက် ရေခပ်ယူရာတွင် ကြုံတွေ့ရသည့် ဒုက္ခများကိုလျှော့ချပေးနိုင်ခဲ့ပါသည်။ ယခင်ကရေခပ်ရန်အတွက် အချိန်အများကြီးပေးခဲ့ရသော်လည်း ယခုအခါ နေအိမ်မှပင် ရေပိုက်ခေါင်းကိုဖွင့်၍ အချိန်မရွေး အသုံးပြုနိုင်ပြီဖြစ်သည်။

ထို့ပြင်ထပ်မံ၍လည်း စီမံကိန်းအနေဖြင့် နည်းစနစ်မှန်မှန်ထိန်းသိမ်းနိုင်ရန်အတွက် WASH ကော်မတီတစ်ရပ်ကိုလည်း ထူထောင်ပေးခဲ့သည်။ ယင်းစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ခြင်းမှသည် ကျေးရွာနေပြည်သူ ၂၉၁ ဦးကို အကျိုးပြုနိုင်ခဲ့သည်။

ADRA ၏ ပံ့ပိုးကူညီပေးမှုဖြင့် ယခုအချိန်တွင် သူမအပါအဝင် ရွာသားများအနေဖြင့် ငွေကြေးရရှိသော အလုပ်များကို ပိုမိုကောင်းမွန်စွာ ရှာဖွေလာနိုင်ရန် အချိန်လုံလောက်စွာ ရရှိမည်ဖြစ်ပြီး ၎င်းတို့သည် ဆင်းရဲနွမ်းပါးသော လူမှုအသိုင်းအဝိုင်းအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လှမ်းမှနေ၍ အထောက်အကူဖြစ်စေသည်လည်းဖြစ်သည်။

> “ ကျွန်တော်တို့ကို စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းတွေပံ့ပိုးပေးပြီးတော့ အသိပညာ၊ နည်းပညာတွေအများကြီးပေးတဲ့အတွက် ADRA ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်”



## သတင်းစကား

### ဒေါသထွက်ခြင်း

ဒေါသကိုကိုင်တွယ်ဖြေရှင်းခြင်းသည် ကျွန်ုပ်တို့ဘဝအတွက် အလွန်ပင် အရေးကြီးပါသည်။ ကမ္ဘာ့သမိုင်းကို ပြန်ကြည့်တဲ့အခါ လူတွေ အချင်းချင်း ရန်ဖြစ်နေကြတာ တွေ့ရပါလိမ့်မယ်။ တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ လူမျိုးစုတစ်စုနှင့် အခြားတစ်စု ၊ ယနေ့အချိန်အထိ နေရာတိုင်းတွင် ရန်ပွဲများဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။ ဥပမာ- စတိုးဆိုင်များ၊ ကျောင်း၊ ဆေးရုံ၊ ဈေးများ၊ အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့၏အိမ်များတွင်ပင် တွေ့ရမည်ဖြစ်ပါသည်။ ပြဿနာအများစုသည်ဒေါသကို မထိန်းချုပ်နိုင်ခြင်းမှ ဆင်းသက်လာကြသည်။ဒေါသထွက်ဖို့နောက်ခံအခြေအနေတွေ အများကြီးရှိနိုင်ပါသည် ။

သင်သည်ဒေါသကို ကောင်းသောနည်း ဒါမှမဟုတ် မကောင်းသော သဘောနှင့် တုံ့ပြန်သည့်အပေါ်မူတည်၍ မှားနိုင်သည် မှန်နိုင်သည်။ လူအများစုသည် မကောင်းသောနည်းဖြင့်လည်းကောင်း ၊ ကောင်းမွန်စွာမထိန်းချုပ်သည့်အတွက် ကြောင့်လည်းကောင်း၊ ပြဿနာများစွာဖြစ်တတ်သည်ကို အခြေအနေတော်တော်များများတွင် သင်သတိထားမိမည်ဖြစ်ပါသည်။

သမ္မာကျမ်းစာအရ ဒေါသထွက်ခြင်းသည် အပြစ်မဟုတ်ပါ။ ကျွန်ုပ်တို့ မည်သို့တုံ့ပြန်သည်၊ ထိုဒေါသကြောင့် ကျွန်ုပ်တို့ ပြုမူသောအရာသည် ကျွန်ုပ်တို့အား ဖြောင့်မတ်ခြင်း သို့မဟုတ် အပြစ်သို့ ဦးတည်စေနိုင်ပါသည်။

ကျွန်ုပ်တို့၏ ကိုယ်ကျိုးအတွက် တစ်စုံတစ်ဦးကို ထိခိုက်နစ်နာစေရန် (သို့မဟုတ်) လက်တုံ့ပြန်ရန် ဒေါသတကြီး တုံ့ပြန်ခြင်းသည် သမ္မာကျမ်းစာက ခွင့်မပြုသော အပြစ်ရှိသောအပြုအမူဖြစ်ပါသည်။

ဒေါသကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းပုံများသည် တစ်ဦးနှင့် တစ်ဦး ကွဲပြားနိုင်ပါသည်။ ဒေါသကို မည်ကဲ့သို့ ကိုင်တွယ်ရ မည်ကို ဘုရားသခင်သည် ကျွန်ုပ်တို့အား သမ္မာကျမ်းစာတွင်နည်းများစွာဖြင့် သွန်သင်ထားပါသည်။

သုတ္တံကျမ်း – ၁၄ : ၂၉ စိတ်ရှည်သောသူသည် ပညာကြီး၏။ စိတ်တိုသောသူမူကား၊ အထူးသဖြင့် မိုက်ပေ၏

သုတ္တံကျမ်း– ၁၅: ၁ ဖြည်းညှင်းသော စကားသည် စိတ်ကိုဖြေတတ်၏။ ကြမ်းတမ်းသောစကားမူကား၊ အမျက်ကို နှိုးဆော်တတ်၏။

ယာကုပ်– ၁: ၂၀ လူ၏ဒေါသအမျက်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို မပြုစုတတ်။

သင့်ဒေါသကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမည်ကို ကူညီပေးနိုင်သည့် သမ္မာကျမ်းစာ ကျမ်းပိုဒ်များစွာ ရှိပါသည်။ ကျွန်ုပ်တို့သည် ဒေါသ၏ ကျွန်မဖြစ်စေဘဲ ကျွန်ုပ်တို့၏အမျက်ဒေါသကို ဘုရားသခင် အလိုတော်အတိုင်း ကိုင်တွယ်ဖြေရှင်းကြပါစို့။

Justice
Compassion
Love

www.adramyanmar.org

## ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း



## WIN LAE LAE KHAING

HR Assistant | Yangon Head Office

**Q1 ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။**
ဗမာ/ မြန်မာလူမျိုးပါ။

**Q2 အကြိုက်ဆုံးအစားအစာက ဘာပါလဲ။**
Hot Pot

**Q3 အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။**
Nude Colour

**Q4 ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။**
သီချင်းနားထောင်ရတာပါ။

**Q5** ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားလည်ချင်ပါသလဲ။

Korea

**Q6** ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။

Open-minded

**Q7** ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။

ဇွန်လ ၂၀၂၁

**Q8** ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။

Working environment

## ယခုလအတွက် ဓာတ်ပုံ



## ဇူလိုင်လ

ဓာတ်ပုံရိုက်ကူးသူအမည်

VESI PROJECT

ဓာတ်ပုံ၏အကြောင်း

LIFT မှ ရန်ပုံငွေထောက်ပံ့ပေးထားသော VESI စီမံကိန်းအောက်ရှိ မော်တော်ဆိုင်ကယ်စက်ပြင် ရက်တိုသင်တန်းတွင် တက်ရောက်သင်ကြားနေသော သင်တန်းသားတစ်ဦးကိုတွေ့ရစဉ်။

## နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## VESI

ယခုလတွင် LIFT မှ ရန်ပုံငွေထောက်ပံ့ထားပြီး မိတ်ဖက် AVSI နှင့် FRC တို့နှင့် အတူပူးပေါင်း ဆောင်ရွက်နေသော VESI စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

စီမံကိန်းသည် လားရှိုးမြို့ရှိ အသက်မွေးဝမ်းကျောင်း ရက်တိုသင်တန်း အမှတ်စဉ် ၉ မှ ကျောင်းသား ၁၄၀ အတွက် အစားအသောက်စရိတ်များ ထောက်ပံ့ပေးအပ် ခဲ့သည်။

အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖြစ်သော အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ရေး တွင် သင်တန်းသား၂၀ ဦး၊ အဆင့်မြင့် မော်တော် ဆိုင်ကယ်ပြုပြင်ရေးတွင် သင်တန်းသား ၂၀ ဦး၊ လက်မှုပညာသင်တန်းတွင် သင်တန်းသား ၁၀ ဦး၊ အခြေခံကွန်ပြူတာသင်တန်းမှ သင်တန်းသား၂၀ ဦး၊ အခြေခံစက်ချုပ်သင်တန်း တွင် သင်တန်းသား ၇၀ ဦးတက်ရောက် သင်ကြားလျက်ရှိသည်။






## BRIGHT

ယခုလတွင် Global Affairs Canada နှင့် ADRA Canada တို့က ရန်ပုံငွေထောက်ပံ့ပေး ထားသော BRIGHT စီမံကိန်းသည် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

– မိတ်ဖက်အဖွဲ့ TEI သည် ဇူလိုင်လတွင် သတ်မှတ်ထားသောဒေသများတွင် TEES ကျောင်း ၈ ကျောင်း ဖွင့်လှစ်ခဲ့ပြီး လားရှိုး မြို့နယ်ရှိ TEES ဆရာ ၃၉ ဦးအတွက် TEES ဆရာ့စွမ်းရည်မြှင့်တင်ရေးသင်တန်းကို ဇူလိုင်လ ၇ ရက်မှ ဩဂုတ် ၇ ရက်နေ့အထိ တစ်လကြာ ပြုလုပ်ခဲ့သည်။

– အလားတူ မိတ်ဖက် KNOW ကလည်း TEES TOT သင်တန်းကို ဇူလိုင် ၄ ရက်မှ ၉ ရက်အထိ ဖျူးမြို့နယ်တွင် ငါးရက်ကြာ ပြုလုပ်ခဲ့သည်။ ထို့ပြင် KNWO မှ လွိုင်ကော်နှင့် ဖရူဆိုမြို့မှ အမျိုးသမီးငယ် ၅၀ ဦးအား အစားအသောက် ပြုပြင်ရေးသင်တန်း၊ စိုက်ပျိုးရေးသင်တန်းနှင့် ဆပ်ပြာထုတ်လုပ်ရေး သင်တန်းများကို ပို့ချ ပေးခဲ့သည်။

– BRIGHT စီမံကိန်းသည် လားရှိုးမြို့နယ်တွင် ဇွန် ၁၃ ရက်နေ့မှ ဩဂုတ် ၁၁ ရက်နေ့အထိ သင်တန်းသား ၁၆ ဦးဖြင့် အခြေခံ အပ်ချုပ် သင်တန်းကို ပြုလုပ်ခဲ့သည်။

– လားရှိုးမြို့တွင် BRIGHT စီမံကိန်း Orientation အခမ်းအနားကို ကျင်းပခဲ့ပြီး ဇူလိုင်လ ၂၆ ရက်နေ့တွင် ကော်မတီနှစ်ရပ် ဖွဲ့စည်းခဲ့သည်။









# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ










## MOFA

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ADRA Japan မှ ရန်ပုံငွေထောက်ပံ့ပေးထားသော MOFA စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

- အိမ်သာ၊ ရေတွင်းနှင့် ဆရာ၊ ဆရာမနေအိမ်များပါဝင်သော စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ရေးမှာ ပြီးစီးလုနီးပါးဖြစ်သည်။

- ကျောင်းစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကို ဇူလိုင်လ ၁၄ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် စီမံကိန်းဆောင်ရွက်သည့် ကျေးရွာ၌ ပြုလုပ်ခဲ့ပြီး စီမံကိန်းသည် လှိုင်းဘွဲမြို့နယ်ရှိ စာသင်ကျောင်းသို့ ကျောင်းသုံးပစ္စည်းများ ဖြန့်ဝေပေးခဲ့သည်။ MOFA ပရောဂျက်သည် ၎င်း၏စီမံကိန်းကာလကို ဩဂုတ်လအထိ သက်တမ်းတစ်လ ထပ်တိုးမြှင့်ထားသည်။

## ELACAP

USAID မှ ရန်ပုံငွေပံ့ပိုးပေးထားပြီး မိတ်ဖက် CIDKP နှင့် ပူးပေါင်းဆောင်ရွက်နေသော ELACAP စီမံကိန်းသည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ စီမံကိန်းပစ်မှတ်ထားရာ ကျေးရွာရေရရှိရေးအတွက် ရေပေးဝေမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ရေသိုလှောင်ကန်နှင့် ရေပိုက်ခေါင်း ၄၀ ကို ကျေးရွာအတွင်းရှိ အိမ်ထောင်စုနေအိမ်များသို့အရောက် တပ်ဆင်သွယ်တန်းပေးခဲ့ခြင်းဖြစ်သည်။

ယင်းစီမံကိန်းထောက်ပံ့မှုမှ အိမ်ထောင်စု ၄၉ စု (အမျိုးသား ၁၇၂ ဦး၊ အမျိုးသမီး ၁၁၉ ဦး) သည် အဆိုပါရေပေးဝေရေးစနစ်မှ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိခဲ့သည်။










# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ





## WCP

UNICEF မှ ရန်ပုံငွေထောက်ပံ့ပေးထားသော’ Water as Catalyst for Peace among Conflict-Affected Population (WCP) စီမံကိန်းသည် မိတ်ဖက် CIDKP နှင့် အတူပူးပေါင်း၍ စီမံကိန်းစတင်လုပ်ဆောင်ခြင်း အခမ်းအနားကို ဇူလိုင်လ ၂၈ ရက်နေ့က ဘားအံမြို့ရှိ ADRA ရုံး၌ ပြုလုပ်ခဲ့သည်။

စီမံကိန်း အကောင်အထည်ဖော်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် လှိုင်းဘွဲမြို့နယ်ရှိ ကျေးရွာလေးရွာမှ ရပ်ရွာလူထုကို အကျိုးပြုနိုင်သော ရေပေးဝေရေးစနစ်အကောင်အထည်ဖော်ရေးအတွက် မြေပြင်အခြေအနေ တိုင်းတာခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

ထို့ပြင် လှိုင်းဘွဲမြို့နယ်နှင့် မြဝတီမြို့နယ်တို့တွင် ဇူလိုင် ၂၅ ရက်နေ့နှင့် ၂၇ ရက်နေ့တို့တွင် စီမံကိန်းပစ်မှတ်ထားရာကျေးရွာများမှ ရပ်ရွာလူထုအသိုင်းအဝိုင်းအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်  ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သည်။





## SHAPE

MFAT နှင့် ADRA New Zealand မှ ရန်ပုံငွေထောက်ပံ့ပေးထားသော SHAPE စီမံကိန်းသည် ချင်းပြည်နယ်ရှိ စီမံကိန်းအဓိကဆောင်ရွက်သည့် ကျေးရွာ ၁၂ ရွာတွင် ကျေးရွာသူရွာသားများအတွက် Integrated pest management သင်တန်းကို ပြီးမြောက်ခဲ့သည်။

အဆိုပါသင်တန်း၏ ရည်ရွယ်ချက်မှာ ပိုးသတ်ဆေးသုံးစွဲမှု လျှော့ချရန်၊ ပိုးမွှား၊ ရောဂါနှင့် အပင်၏အာဟာရဓာတ်ချို့တဲ့မှု အမျိုးအစားတို့ကို ခွဲခြားနားလည်ရန်နှင့် IPM နည်းလမ်းများဖြင့် ပိုးမွှားထိန်းချုပ်ခြင်းဆိုင်ရာ အသိပညာများ ရရှိစေရန်ဖြစ်သည်။ အဆိုပါသင်တန်းများသို့ သက်ဆိုင်ရာစီမံကိန်းကျေးရွာများမှ ဒေသခံတောင်သူ ၂၀၃ ဦးတက်ရောက်ခဲ့သည်။









# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## SEAQE2

ယခုလတွင် Norad နှင့် ADRA Norway တို့က ရန်ပုံငွေထောက်ပံ့ပေးထားသော SEAQE2 စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးစီးခဲ့သည်။

– ၂၀၂၂–၂၀၂၃ ပညာသင်နှစ် ကျောင်းသားကျောင်းသူများအတွက် သင်ကြားရေးဆိုင်ရာပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများကို ကရင်ပြည်နယ်အတွင်းရှိ ACS ကျောင်း ၁၅ ကျောင်းသို့ ပေးအပ်နိုင်ခဲ့သည်။

– NFE အစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၁ ရက်နေ့က ကျင်းပခဲ့သည်။ NFE အစီအစဉ် အပတ်စဉ် (၁/၂၀၂၂) ကို ဇူလိုင်လ ၁၃ ရက်နေ့တွင် ကျောင်းသား ၃၆ ဦးဖြင့် စတင်ခဲ့ပြီး အတန်းသုံးတန်း (KG၊ မူလတန်း၊ အလယ်တန်း) နှင့် ဆရာ၊ဆရာမသုံးဦးတို့ဖြင့် စတင်သင်ကြားပို့ချသွားမည်ဖြစ်သည်။

– PTA အသိပညာပေးသင်တန်း (SDP Planning, Reforming or Strengthening PTA, Forming CPC, Community Consultation FGD, Data collection, Violence Free School, and Introduction to Feedback and Reporting Mechanism) ကို ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ACS ကျောင်း ၇ ကျောင်းတွင် ပို့ချပေးခဲ့သည်။

## TVET

– SEAQE II EiE စီမံကိန်း၏ ရက်တိုသင်တန်း သင်တန်းဆင်းပွဲနှင့် TVET ရက်တိုသင်တန်း ဖွင့်ပွဲခမ်းအနားကို ဩဂုတ်လ ၂ ရက်နေ့က တောင်ငူရှိ Mountain View Academy သင်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

SEAQE II EiE စီမံကိန်းမှ သံဂဟေဆော်ခြင်းနှင့် အိမ်သုံးဝါယာသွယ်တန်းခြင်းသင်တန်းတို့မှ ကျောင်းသား စုစုပေါင်း ၄၀ ဦးသင်တန်းပြီးမြောက်ခဲ့သည်။ အခြေခံစက်ချုပ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ ကျေးလက်စက်ပြင်နှင့် ဂဟေဆက်ခြင်းသင်တန်း ၂/၂၀၂၂ ကဲ့သော အခြေခံအပ်ချုပ်ခြင်း ဆံပင်ညှပ်ခြင်း စသည့်သင်တန်းတို့မှ စုစုပေါင်းသင်တန်းသား ၅၇ ဦးတွင် EiE စီမံကိန်းမှ ကျောင်းသား ၁၅ ဦး၊ TVET ရက်တိုသင်တန်းမှ ကျောင်းသား ၄၂ ဦးတို့သည် သင်တန်းအမှတ်စဉ် ၁/၂၀၂၂ အရ စီမံကိန်းမှ ထောက်ပံ့မှုများ ရရှိခဲ့သည်။

– လုပ်ငန်းစီးပွားရေးဆိုင်ရာ ချိတ်ဆက်မှုဆိုင်ရာ အစည်းအဝေးကိုလည်း သင်တန်းအမှတ်စဉ် ၁ ရက်တိုသင်တန်းမှ သင်တန်းသားများအား လက်ခံမည့် လုပ်ငန်းရှင်၂၂ ဦးဖြင့် တောင်ငူမြို့နယ်တွင် ပြုလုပ်ခဲ့သည်။







## အလုပ်ခေါ်စာများနှင့် တင်ဒါခေါ်ယူမှုများ

**အောက်ဖော်ပြပါရာထူးများနှင့် ပတ်သက်၍ မည်သို့လျှောက်ထားရမည်ကို အသေးစိတ်သိရှိနိုင်ရန် www.adramyanmar.org/jobs တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ Facebook မှတစ်ဆင့် ပေးပို့လျှောက်ထားမှုများကိုမူ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

## ကျွန်ုပ်တို့နှင့် ဆက်သွယ်ပါ။

**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: www.adramyanmar.org

**ADRA Myanmar အနေဖြင့် လိမ်လည်ခြင်း၊ အကျင့်ပျက်ခြစားခြင်းနှင့် ကလေးသူငယ်များကို ထိပါးနှောင့်ယှက်ခြင်း စသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ လုံးဝလက်ခံသည်မဟုတ်ပါ။ အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍လည်း www.adramyanmar.org/report တွင် ပေးပို့တင်ပြနိုင်ပါသည်။**

# ဝန်ထမ်းသစ် မိတ်ဆက်



**LA PYAE WINN**
Admin & Finance Officer
SHAPE Project



**SAN LIN AUNG**
M&E Officer
VESI Project

# ၂၀၂၂ ခုနှစ် ပြက္ခဒိန်



## ဩဂုတ်လ ၂၀၂၂

| SUN တနင်္ဂနွေ | MON တနင်္လာ | TUE အင်္ဂါ | WED ဗုဒ္ဓဟူး | THU ကြာသပတေး | FRI သောကြာ | SAT စနေ |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | 31 | | | |

### UPCOMING EVENTS

Timesheets are due on the 25th of each month

Holidays:

**'MINGALABA'**
Next Volume:
15 September 2022

ADRA